ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်းအဖွဲ့
Ethnic Equality Initiative - EEI
E.E.I

# Vacancy Announcement (အလုပ်ခေါ်စာ)

**Background (နောက်ခံအကြောင်းအရာ)**

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (Ethnic Equality Initiative – EEI) သည် အစိုးရမဟုတ် သော၊ အမြတ်အစွန်းမယူသော ဒေသတွင်း လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး၊ ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ရေရှည်တည်တံ့သော ဘက်စုံဖွံ့ဖြိုးရေး၊ လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကလေးသူငယ် အခွင့်အရေးများ ပိုမိုအားကောင်းလာစေရေး၊ ကျား၊ မ အခွင့်အရေးတန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည် ပိုမိုမြှင့်မား လာစေရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (Ethnic Equality Initiative – EEI) သည် အရည်အချင်းပြည့်ဝ၍ စိတ်ပါဝင်စားသူများအား ခန့်ထားနိုင်ရန် အောက်ဖေါ်ပြပါ ရာထူးကို ခေါ်ယူ နေပါသည်။

## ထောက်ပံ့ပို့ဆောင်ရေး လက်ထောက် (၁) ဦး

## Logistic Assistant- 1 post

| | |
|---|---|
| တာဝန်ထမ်းဆောင်ရမည့်ဒေသ | : မြစ်ကြီးနား |
| စီမံချက်ကာလ | : စက်တင်ဘာလ-၂၀၂၃ မှ မေလ-၂၀၂၆ |
| အစီရင်ခံစာ ပေးပို့ရမည့်သူ | : ထောက်ပံ့ပို့ဆောင်ရေး အရာရှိ (Logistic Officer) |

**Job Summary (လုပ်ဆောင်ရမည့် လုပ်ငန်းအနှစ်ချုပ်)**

---

**ထောက်ပံ့ပို့ဆောင်ရေး လက်ထောက်** (**Logistic Assistant**) သည် စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖေါ် ဆောင်ရွက်ရာတွင် အောင်မြင်ထိရောက်စေရန် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများကို အဓိကတာဝန်ရှိသူအဖြစ် အစီအစဉ်များကို တိကျသေခြာစွာ ဆောင်ရွက်ရမည်။

လုပ်ကိုင်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများအားလုံးကို ပေါင်းည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့ ဝန်ထမ်းများ၊ operation manager, စီမံချက်မန်နေဂျာ၊ စီမံကိန်းမန်နေဂျာ၊ ဒါရိုက်တာတို့နှင့် အတူတကွ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သူဖြစ်ရမည်။

**Duty and Responsibilities (တာဝန်နှင့် ဝတ္တရားများ)**

---

- စီမံကိန်းလုပ်ငန်းများ အတွက် လိုအပ်သော ပစ္စည်းများကို ဝယ်ယူခြင်းကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရမည်။
- လိုအပ်ချက်ပေါ်မူတည်၍ ဈေးကွက်စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်ရမည်။
- ချမှတ်ထားသော မူဝါဒများပေါ်မူတည်၍ ဈေးနှုန်းကောက်ခံခြင်း၊ တင်ဒါခေါ်ယူခြင်း စသော လုပ်ငန်းစဉ်များကို အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်ရမည်။
- ပစ္စည်းများဝယ်ယူရာတွင် လိုအပ်သော စာရွက်စာတမ်းများကို သတ်မှတ်ထာသော စံချိန်စံညွှန်းများအရ တိကျသေချာစွာ ပြင်ဆင်ဆောင်ရွက်ရမည်။
- လိုအပ်သော နေရာဒေသများသို့ ပို့ဆောင်ပေးရန်လိုသော ပစ္စည်း များကို အချိန်မှီပို့ဆောင်ပေးနိုင်ရမည်။
- ဈေးကွက် အခြေအနေအရ ဝယ်ယူရန်လိုသော ပစ္စည်းများ၏ အရည်အသွေးနှင့် အရည်အတွက်ကို စုံးစမ်းတွက်ချက်နိုင်ရမည်။
- ရုံးပိုင် မော်တော်ယာဉ်၊ ပစ္စည်း နှင့် အဆောက်အအုံ များကို ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် စနစ်တကျ စာရင်းပြုစုခြင်းနှင့် စာရင်းသွင်းခြင်းများကို တိကျသေချာစွာ ဆောင်ရွက်ရမည်။

**Other activities (အခြားလုပ်ငန်းများ)**

- ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်းမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့် မူဝါဒများကို တိကျစွာ လေးစားလိုက်နာရမည်။
- မိမိ၏ကြီးကြပ်သူမှ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်သောအခါ မပျက်မကွက် လုပ်ကိုင်ဆောင်ရွက် ပေးရမည်။

**Qualifications and minimum requirement (လိုအပ်သည့် ပညာအရည်အချင်းနှင့် လိုအပ်ချက်များ)**

- ထောက်ပံ့ပို့ဆောင်ရေး နှင့် ပါတ်သက်၍ စိတ်ပါဝင်စားသူဖြစ်ရမည်။
- တက္ကသိုလ်မှ ဘွဲ့တခုခု ရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။(Microsoft Word, Excel, Power Point)
- ကျေးရွာများ၊ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းကို လေးစားလိုက်နာ နားလည်သူ ဖြစ်ရမည်။
- အဖွဲ့အစည်းများ၏ လုပ်ငန်းသဘောသဘာဝကို ကောင်းစွာနားလည်သဘောပေါက်ပြီး အများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

**ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်းအဖွဲ့တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုနှင့် နှောက်ယှက်မှု မှန်သမျှကို လုံးဝ သည်းမခံသော မူဝါဒ ရှိပါသည်။ ထိုမူဝါဒ(Protection from Sexual Exploitation, Abuse and Harassment – Policy (PSEAH-Policy) နှင့် ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်း ( Code of Conduct) များကို ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်း၏ ဝန်ထမ်းများ အားလုံးသည် သေချာစွာ နားလည်သဘောပေါက်၍ မဖြစ်မနေ လိုက်နာ ကျင့်သုံးကြရပါမည်။**

**Application Process (လျှောက်လွှာများပေးပို့ခြင်း)**

အထက်ဖေါ်ပြပါအရည်အချင်းများနှင့် ပြည့်စုံ၍ စိတ်ပါဝင်စားသူများသည် မိမိ၏ အလုပ်လျှောက်လွှာများကို အောက်ပါလိပ်စာများအတိုင်း **(၂၀၂၄) ခုနှစ် မေလ (၂၄) ရက်၊ ညနေ (၅)** နာရီထက်နောက်မကျပဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

ပေးပို့နိုင်သည့် အီးမေးလ်လိပ်စာ - eei.recruitment.myt@gmail.com

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့ရုံး

အမှတ် - ၁၁၃ ၊ လမ်းသွယ်( ၁၄ )၊ နောင်ခမ်းရှမ်းရွာ၊ မြို့သစ်ကြီးရပ်ကွက် ၊ မြစ်ကြီးနားမြို့။

(သို့)

ဟတ-၁၁၆၃၊ ရိုးကြီးအုပ်စု၊ ဟန်းတဲရပ်ကွက်၊ တောရဘုန်းကြီးကျောင်းလမ်း၊ ဗန်းမော်မြို့ သို့ လျှောက်ထားနိုင်ပါသည်။

**(ပဏာမ ရွေးချယ်ခံရသူကိုသာ ဆက်သွယ် အကြောင်းကြားပါမည်။)**